# ယဉ်ကျေးမှု၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေး Online Paid Marketing နှင့် Boosting Marketing Campaign လုပ်ငန်းများ ဆောင်ရွက်ရန်အတွက်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၊ ခရီးသွားမြှင့်တင်ရေးနှင့် ဈေးကွက်ရှာဖွေရေးဌာနခွဲ လျာထားအသုံးစရိတ်များဖြင့် ဝန်ကြီးဌာန၏ Online Paid Marketing လုပ်ငန်းများနှင့် Boosting Marketing Campaign များကို ဆောင်ရွက်ရန် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ပြည်တွင်းနည်းပညာကျွမ်းကျင်ကုမ္ပဏီများအနေဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါသတ်မှတ်ချက်များအတိုင်း တင်သွင်းရပါမည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံစတင်ရယူနိုင်သည့်ရက် | - | (၂၉-၁၀-၂၀၂၆) ရက်နေ့(ကြာသပတေးနေ့) |
| ( ခ ) | တင်ဒါပုံစံရယူရန်နှင့်တင်သွင်းရမည့် နေရာ | - | ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ခရီးသွားမြှင့်တင် ရေးနှင့် ဈေးကွက်ရှာဖွေရေးဌာနခွဲ၊ ရုံးအမှတ် (၃၃)၊ နေပြည်တော် |
| ( ဂ ) | တင်ဒါပုံစံကြေး | - | ၁၀,၀၀၀/- ကျပ် |
| (ဃ) | တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့် | - | (၁၉-၁၁-၂၀၂၆) ရက်နေ့ (ကြာသပတေးနေ့) |
| | အချိန် | - | နေ့လယ် (၁၂:၀၀) နာရီ |
| ( င ) | တင်ဒါဖွင့်ဖောက်စိစစ်မည့်နေ့ရက် အချိန်နှင့်နေရာ | - | (၂၀-၁၁-၂၀၂၆) ရက်နေ့ (သောကြာနေ့) နေ့လယ် (၀၂:၀၀) နာရီ ယဉ်ကျေးမှု၊ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၃၃)၊ နေပြည်တော် |

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်ပတ်သက်၍ ဖော်ပြပါ QR Code ကို Scan ဖတ်၍လည်းကောင်း၊ https://qr.tourism.gov.mm/qrcodes/pdf/tender2026 တွင်လည်းကောင်း Download ရယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ခရီးသွားမြှင့်တင်ရေး

နှင့်စျေးကွက်ရှာဖွေရေးဌာနခွဲ၊ ဖုန်း ၀၆၇၃-၄၀၆၁၂၉၊ ၀၉-၄၅၉၅၇၈၁၇၂ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

**အမှတ်စဉ်။ ----------------**

သို့

**ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ**

**ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

**ရုံးအမှတ် (၃၃)၊ နေပြည်တော်**

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ လ၊ ( ) ရက်

အကြောင်းအရာ။ **အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် ဈေးနှုန်းတင်သွင်းခြင်း**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအတွက် Online Paid Marketing နှင့် Boosting Marketing Campaign လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော စည်းကမ်းများအတိုင်း သိရှိလိုက်နာပြီး အောက်ပါဈေးနှုန်းလွှာကို တင်သွင်းအပ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | ကုမ္ပဏီအမည် | - | |
| ၂။ | ကုမ္ပဏီ/လုပ်ငန်းလိုင်စင် မှတ်ပုံတင်အမှတ်<br>(ကုမ္ပဏီ/လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပူးတွဲဖော်ပြရန်ဖြစ်ပါသည်။) | - | |
| ၃။ | ပိုင်ရှင်အမည် | - | |
| ၄။ | ပိုင်ရှင်မှတ်ပုံတင်အမှတ် | - | |
| ၅။ | ဆက်သွယ်ရန်လိပ်စာ | - | |
| ၆။ | ဖုန်းနံပါတ် | - | |
| ၇။ | Email | - | |
| ၈။ | ဈေးနှုန်းအဆိုပြုလွှာ | - | |
| ၉။ | လုပ်ငန်းအတွေ့အကြုံ | - | |
| ၁၀။ | လုပ်ငန်းဆောင်ရွက်မည့် အဆိုပြုစီမံချက် ပါဝင်ခြင်း (အသေးစိတ်အချက်အလက် အပြည့်အစုံကို ပူးတွဲဖော်ပြရန်ဖြစ်ပါသည်။) | - | ရှိ / မရှိ |

လက်မှတ်

အမည်

ရာထူး

ဖုန်းနံပါတ်

**ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

**Online Paid Marketing နှင့် Boosting Marketing Campaign**

**လုပ်ငန်းများဆောင်ရွက်ရန်အတွက် တင်ဒါစိစစ်ရွေးချယ်မည့် စံနှုန်းသတ်မှတ်ချက်များ**

၁။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်၍ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ် ရှိရမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ Digital Marketing လုပ်ငန်းအတွေ့အကြုံရှိသော ကုမ္ပဏီဖြစ်ရမည်။

၂။ အဆိုပြုလွှာတစ်ခုလုံး၏ အရည်အသွေးသည် ကောင်းမွန်ရမည်။

၃။ ကုမ္ပဏီအနေဖြင့် Google Marketing နှင့် Social Media Marketing လုပ်ငန်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ပြီး Digital Marketing Strategy & Plan များကို တင်ပြနိုင်ရမည်။

၄။ ဝန်ဆောင်မှုပေးမည့်လုပ်ငန်းကို ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် အချိန်ဇယားများ ပါဝင်ရမည်။

၅။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ ခရီးစဉ်ဒေသနှင့် ခရီးသွားဆွဲဆောင်မှုများကို မြှင့်တင်ကြော်ငြာသည့် Google Marketing ၊ Social Media Marketing ၊ Page နှင့် Post Boosting လုပ်ငန်းများကို နိုင်ငံတကာနှင့် ယှဉ်ပြိုင်ထိုးဖောက်နိုင်သည်အထိ ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ရမည်။

၆။ Digital Marketing ဆိုင်ရာလုပ်ငန်းများနှင့် အကျွမ်းတဝင်ရှိပြီး ဝန်ကြီးဌာန၏ လိုအပ်ချက်များကို အချိန်နှင့်တပြေးညီ လုပ်ငန်းတိုးတက်မှုရှိရန် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရမည်။

၇။ Google Marketing ၊ Social Media Marketing ၊ Page နှင့် Post Boosting လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ရွေးချယ်ပေးသော Target Market နိုင်ငံများသို့ ထိရောက်စွာ ကြော်ငြာနိုင်ရမည်။

၈။ ကုမ္ပဏီများအနေဖြင့် လစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် Google Marketing နှင့် Social Media Marketing လုပ်ငန်းအသေးစိတ်အစီအစဉ်ကို ဝန်ကြီးဌာနသို့ လစဉ် ပေးပို့နိုင်ရမည်။

၉။ Google Marketing ၊ Social Media Marketing လုပ်ငန်းများအတွက် အဆိုပြုဈေးနှုန်းတွင် စုစုပေါင်း ဝန်ဆောင်ခနှင့် လုပ်ငန်းဝန်ဆောင်ခများအား ခွဲခြားဖော်ပြထားရမည်။

၁၀။ ကုမ္ပဏီများအနေဖြင့် လစဉ် Digital Marketing ဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများ၊ ရလဒ်များအားလုံးကို အစီရင်ခံစာပြုစု၍ လစဉ် ပထမ ရက်သတ္တပတ်အတွင်း ကိုယ်တိုင်လာရောက်၍ဖြစ်စေ Online မှဖြစ်စေ တင်ပြရမည်။

၁၁။ Paid Campaign များ ပြုလုပ်ရန်အတွက် Google နှင့် Facebook တို့ လက်ခံသည့် နိုင်ငံခြားငွေအသုံးပြုသော ကုမ္ပဏီပိုင် Bank Account ရှိရမည်။

၁၂။ Paid Marketing Campaign များအတွက် အသုံးပြုမည့် Landing Page များ ၏ Traffic နှင့် UI ကို ပိုမိုကောင်းမွန်စေရန်နှင့် SEO, SEM လုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း ရှိရမည်။

၁၃။ ဝန်ကြီးဌာန၏ Social Media Channel များ (အင်္ဂလိပ်၊ မြန်မာ)၊ အခြား Social Media Platform များ (ဥပမာ- TikTok ၊ Youtube နှင့် Viber) ဖန်တီးပြုလုပ်၍ Marketing ထိရောက်စွာ ဆောင်ရွက်နိုင်ရမည်။

၁၄။ Google Campaign နှင့် Social Media Campaign များကို ဝန်ကြီးဌာန၏ Ads Manager Account တွင်သာ ပြုလုပ်ပေးနိုင်ရမည်။

၁၅။ လုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ကြီးဌာနထံမှ ငွေလက်ခံမရရှိမီ အချိန်အတွင်း ကုမ္ပဏီ၏ ကိုယ်ပိုင်ငွေဖြင့် စိုက်ထုတ်သုံးစွဲပေးနိုင်ခြင်း ရှိရမည်။

၁၆။ လုပ်ငန်းစတင် ဆောင်ရွက်သည့်အချိန်မှစ၍ တစ်လလျှင် ခရီးစဉ်ဒေသဆိုင်ရာ ဓါတ်ပုံ ဒီဇိုင်းနှင့် Content ၆ ခု ၊ Social Media Platform များတွင် Post ၉ ခု၊ Video ၁ ပုဒ်၊ Animation Video ၂ ပုဒ်နှင့် Campaign ဒီဇိုင်း ၁ ခုမှ ၃ ခုအထိ တို့အား ဖန်တီးရေးသားပေးနိုင်ရမည်။

၁၇။ ဝန်ကြီးဌာနမှ ပေးအပ်မည့် Tagline များကို အသုံးပြုကာ Google Marketing အတွက် တစ်လလျှင် Display Ads များနှင့် Social Media များအတွက် Display Ads များကို ပြုလုပ်ပေးနိုင်ရမည်။

၁၈။ Target Market/ Audience များကို လုပ်ငန်းတိုးတက်မှုအပေါ်မူတည်၍ ပြောင်းလဲခြင်း၊ အကြံဉာဏ်များပေးခြင်းနှင့် ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ Market Segment များ ခွဲ၍ Ads များကို ထိရောက်စွာ ကြော်ငြာပေးနိုင်ရမည်။

၁၉။ တာဝန်ယူဆောင်ရွက်ပေးမည့် လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းစွာ ဖော်ပြထားရှိရမည်။

၂၀။ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် Project Management Team ၊ Finance နှင့်ပတ်သက်၍ ကျွမ်းကျင်ဝန်ထမ်း သီးသန့်ထားရှိပေးနိုင်ရမည်။

၂၁။ ကုမ္ပဏီတွင် လက်ရှိ လုပ်ကိုင်လျက်ရှိသည့် ဝန်ထမ်းအရေအတွက် ဖော်ပြရမည်ဖြစ်ပြီး Project Management Team တွင် ပါဝင်သည့် ဝန်ထမ်းများ၏ လုပ်ငန်းအတွေ့အကြုံများကို ဖော်ပြပေးနိုင်ရမည်။

၂၂။ Digital Marketing လုပ်ငန်းများအတွက် လိုအပ်သည့် Communication Plans (သို့မဟုတ်) Communication Strategies များအား ပူးတွဲပြင်ဆင်ဖော်ပြပေး၍ ဝန်ကြီးဌာနနှင့် ပုံမှန် အနည်းဆုံး (၁) ပတ်လျှင် (၁) ကြိမ် တွေ့ဆုံ ဆွေးနွေးနိုင်ရမည်။

၂၃။ ဝန်ကြီးဌာနမှ အပ်နှံမည့်လုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးအတွက် အခြား ဝန်ဆောင်မှုများကို ထပ်မံဖြည့်စွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များရှိပါက အသေးစိတ်ရှင်းလင်း ဖော်ပြနိုင်ရမည်။

၂၄။ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်းကို လက်ခံမည့် ကုမ္ပဏီသည် Digital Marketing ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်သည့် အတွေ့အကြုံများရှိ၍ ဌာနဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း သိရှိနားလည်ရမည်။

၂၅။ Digital Marketing နှင့် ပတ်သက်သည့် လိုအပ်သော သင်တန်းများ၊ အကြံပြုချက်များ၊ ရှင်းလင်းချက်များအား ဆောင်ရွက်ပေးနိုင်ရမည်။

၂၆။ ဝန်ကြီးဌာနသို့ လုပ်ငန်းဆောင်ရွက်မှု အစီအရင်ခံစာ (မြန်မာဘာသာ) နှင့် အသုံးပြုထားသည့် ငွေ (မြန်မာကျပ်) တို့ကို လစဉ် ပုံမှန်ပေးပို့နိုင်ခြင်း ရှိရမည်။

**ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေး Online Paid Marketing နှင့် Boosting Marketing Campaign လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော စံနှုန်းသတ်မှတ်ချက်များ**

၁။ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများကို Digital Marketing နည်းလမ်းများအသုံးပြု၍ ပြည်တွင်းခရီးသွားများသာမက နိုင်ငံတကာခရီးသွားဧည့်သည်များပါ ဆွဲဆောင်နိုင်ရန်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို လျင်မြန်စွာ ဖြန့်ချီပေးရန်နှင့် မြန်မာနိုင်ငံ၏ပုံရိပ်ကို ပိုမိုလူသိများလာစေရန်အတွက် ပြည်တွင်းရှိ နည်းပညာကျွမ်းကျင်ကုမ္ပဏီများအား တင်ဒါဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် Online Paid Marketing လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော နည်းပညာအထောက်အပံ့နှင့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဝန်ကြီးဌာန၏ Online Paid Marketing လုပ်ငန်းများဆောင်ရွက်ရာ၌ Social Media Channel များတွင် ထိရောက်သော Impression, Reach, Engagement, Viewer, Follower များတိုးတက်မှုရရှိရန်အတွက် Boosting လုပ်ငန်းများဆောင်ရွက်နိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ခ) Social Media Campaign များပြုလုပ်နိုင်ရေးအတွက် Campaign Plan များ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဂ) ဦးစားပေး Target Market နိုင်ငံများဖြစ်သည့် ရုရှား၊ ထိုင်း၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ စသည့်နိုင်ငံများကို Online Marketing ဆောင်ရွက်မည့် အစီအစဉ်များအား ရေးဆွဲဆောင်ရွက်ပေးခြင်း၊

(ဃ) Target Market / Audience များကို လုပ်ငန်းတိုးတက်မှုအပေါ်မူတည်၍ ပြောင်းလဲခြင်း၊ အကြံဉာဏ်များပေးခြင်းနှင့် ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ Market Segment များ ခွဲခြား၍ ဆောင်ရွက်ပေးခြင်း၊

(င) ဝန်ကြီးဌာနမှ ပေးအပ်မည့် Tagline များကိုအသုံးပြုကာ Social Media များအတွက် Display Ads များကို ပြုလုပ်ပေးခြင်း၊

(စ) ဝန်ကြီးဌာနရှိ ခရီးစဉ်ဒေသဆိုင်ရာ ဓာတ်ပုံများအား အသုံးပြု၍ အရည်အသွေး ပြည့်မီပြီး ဆန်းသစ်သော ဓာတ်ပုံဖန်တီးမှု Graphic Design နှင့် Animation ဗွီဒီယိုများကို ဖန်တီးပြုလုပ်ပေးခြင်း၊

(ဆ) Paid Marketing Campaign များအတွက် အသုံးပြုမည့် Landing Page များ၏ Traffic နှင့် UI ကို ပိုမိုကောင်းမွန်စေရန်နှင့် SEO, SEM လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဈ) Digital Marketing လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများအား Digital Marketing နှင့်ပတ်သက်သည့် လိုအပ်သော နည်းပညာဆိုင်ရာ အကြံပြုချက်များ၊ သင်တန်းများပေးခြင်း၊

(ည) Digital Marketing လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများအား လစဉ် Analytics ပြုလုပ်ပြီး (M & E) နည်းလမ်းဖြင့် သုံးသပ်၍ အစီရင်ခံစာပေးပို့ခြင်း၊

(ဋ) Social Media Platform ဖြစ်သော Facebook တွင် တစ်လလျှင် Post (၉) ခု၊ လစဉ် Campaign အစီအစဉ်များကို အနည်းဆုံး (၁) ခုမှ (၃) ခု၊ လစဉ် Animation Video (၂) ပုဒ်၊ Promotion Video (၁) ပုဒ်နှင့် ခရီးစဉ်ဒေသများ၏ Content၊ Photo Design၊ Editing (၉) ပုဒ် ဖန်တီးပြုလုပ်၍ Online Marketing နှင့် Boosting အကြိမ် (၄၀) ပြုလုပ် ခြင်း။

၃။ နည်းပညာကျွမ်းကျင်ကုမ္ပဏီများအနေဖြင့် Online Paid Marketing လုပ်ငန်းများကို ဆောင်ရွက်ရန်စိတ်ပါဝင်စားပါက ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ ခရီးသွားမြှင့်တင်ရေးနှင့် ဈေးကွက်ရှာဖွေရေးဌာနခွဲ၊ ဖုန်း ၀၆၇၃-၄၀၆၁၂၉၊ ၀၉-၄၅၉၅၇၈၁၇၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။